# လိုတရတွင်ကူပွန်များထောက်ပံ့ပေးလိုပါသလား?

1. **<u>စုံစမ်း/မေးမြန်းခြင်း</u>**
    - လိုတရတွင် ကူပွန်ထောက်ပံ့ပေးရန် **စုံစမ်းမေးမြန်းခြင်း** ကိုဦးစွာလုပ်ဆောင်ပေးရပါမည်။
    - အကယ်၍ ဤအဆင့်ကိုလုပ်ခဲ့ပြီးပါက **ခွင့်ပြုချက်ရယူခြင်း** အဆင့်ကိုစောင့်ဆိုင်းပေးပါ။
    - မပြုလုပ်ရသေးပါက http://coupon.lotayamm.com/ ကိုသွားရောက်ပြီး ဆိုင်ပိုင်ရှင်များအတွက် Tab ကိုရွေးချယ်ပါ။ ထို့နောက် စုံစမ်း/မေးမြန်းရန် ကိုနှိပ်ပြီး မိတ်ဆွေ၏ ဆိုင်နှင့်ပတ်သတ်သော အချက်အလက်အပြည့်အစုံဖြည့်ပေးပါ။
    - အချက်အလက်များပြည့်စုံပါက လူကြီးမင်း၏ mail လိပ်စာသို့ အောင်မြင်ကြောင်း mail ပို့ပေးမည်ဖြစ်သည်။

2. **<u>ခွင့်ပြုချက်ရယူခြင်း</u>**
    - မိတ်ဆွေ၏ စုံစမ်းမေးမြန်းခြင်း လျှောက်လွှာတွင်ပါဝင်သောအချက်အလက်များကို လိုတရ မှစစ်ဆေးမည်ဖြစ်သည်။
    - အချက်အလက်ပြည့်စုံမှန်ကန်ပါက ၂ ပတ်အတွင်းဆက်သွယ်မည်ဖြစ်ပြီး အချက်အလက်မပြည့်စုံသော လျှောက်လွှာများကိုထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
    - အကယ်၍ဆက်သွယ်ခံရပါက လူကြီးမင်း ဆိုင်/ကုမ္ပဏီ ၏ စည်ပင်ခွင့်ပြုချက် လိုင်စင် မိတ္တူကို Scan ဖတ်ပြီး email ဖြင့်ပို့ပေးရမည်ဖြစ်သည်။
    - အဆိုပါ စည်ပင်ခွင့်ပြုချက် လိုင်စင်ကို လိုတရမှထပ်မံစစ်ဆေးကာ မှန်ကန်ပါက ဆက်လက်လုပ်ဆောင်ရန်အဆင့်အသေးစိတ်ကို ဖုန်းဖြင့်ဆက်သွယ်ရှင်းပြမည်ဖြစ်သည်။

3. **<u>စာချုပ်ချုပ်ဆိုခြင်း၊ CMS Account ပေးအပ်ခြင်း</u>**
    - စာချုပ်ချုပ်ဆိုခြင်းအဆင့်အတွက် လိုတရဖက်မှ စာချုပ်မူကြမ်းကို email ဖြင့်ပေးပို့ပေးမည်ဖြစ်သည်။
    - စာချုပ်ပါအချက်အလက်များကိုသဘောတူလက်ခံပါက Copy ၂ စောင် Print ထုတ်ကာ Sign ထိုးပြီး Scan ဖတ်ကာ email ဖြင့် လိုတရသို့ပြန်လည်ပေးပို့ရမည်ဖြစ်သည်။

- စာချုပ်လက်ခံရရှိပါက မိတ်တွေ၏ဆိုင်အချက်အလက်များနှင့် ကူပွန်များကို ဖြည့်သွင်းနိုင်ရန် CMS account အတွက် user name နှင့် password ပေးပို့ပေးမည်ဖြစ်သည်။

## 4. <u>ထောက်ပံ့ပေးနိုင်သော ကူပွန်ကိုဆုံးဖြတ်ခြင်း</u>

- လိုတရတွင် လွှင့်တင်မည့် ကူပွန်အတွက် မိတ်ဆွေကိုယ်တိုင်ဆုံးဖြတ်ရမည်ဖြစ်သည်။ မည်သို့သော လျှော့ဈေးမျိုး လက်ဆောင်မျိုးပေးရမည်ဟုသတ်မှတ်ချက်မရှိသော်လည်း လျှော့ဈေးဆိုလျှင် အနည်းဆုံး ၅ ရာခိုင်နှုန်းမှ စ၍ပေးရမည်ဖြစ်သည်။

## 5. <u>ဝန်ထမ်းများကိုလေ့ကျင့်ပေးခြင်း</u>

- မိတ်ဆွေ၏ ဆိုင်ရှိ ဝန်ထမ်းများအားလုံးကိုကူပွန် လက်ခံရယူနည်းကိုသင်ကြားပြသပေးရန်လိုအပ်သည်။
- သို့မှသာလျှင် စားသုံးသူဆီမှ ကူပွန်ရယူရာတွင်အခက်ခဲမရှိချောမွေ့နိုင်မည်ဖြစ်သည်။